# SAFE DRIVING POLICY

## OBJECTIVE

The objective of this Policy is to establish guidelines that will help to reduce the risk of personal injury and property damage whilst driving.

## SCOPE

This Policy applies to all SEM employees and (sub) contractors who are required to drive SEM or SEM contracted vehicles in Myanmar.

## POLICY GUIDELINES

Employees and (sub) contractors driving SEM or SEM contracted vehicles are required to:

- Complete the Defensive Driving course;
- Complete the Defensive Driving (4WD) course, in case the vehicle is taken off the road;
- Hold a valid driver's license or certificate of competency;
- Be aware of and comply with all relevant Myanmar national rules and regulations, site specific rules, and SEM's HSE and D&A policies;
- Follow relevant SEM Operations & Maintenance procedures, and Checklists;

Drivers and passengers must be aware of, and be able to identify, the symptoms associated with fatigue and respond by stopping to rest or changing drivers. Work should also be planned, wherever possible, to avoid:

- Driving into the sunset or sunrise;
- Driving excessive distances or for extended periods;
- Driving at night;
- Driving in heavy rain, or on wet surfaces;

The driver must ensure that:

- Seat belts are worn at all times in moving vehicles (driver and passengers);
- Vehicle pre start and safety check is conducted, including checking the operation of the parking brake;
- Any faults or damage to the vehicle are reported and fixed as soon as possible;
- Any failure or concern which affects the safe operation of the vehicle, i.e. brakes, must be reported immediately and the vehicle placed '<u>Out of Service</u>' with the wheels chocked (if necessary)
- Any loose articles (which may become lethal projectiles or a distraction if the vehicle is stopped suddenly) are securely restrained
- The vehicle is safely parked when using a mobile/satellite phone: Hands free systems are strictly prohibited;

- When leaving a light vehicle unattended for any reason, under any circumstance, the;
  - engine is stopped
  - manual transmission is placed in FIRST gear (parking on flat ground or uphill incline) or REVERSE gear (parking on downhill incline)
  - automatic transmission is placed in PARK
  - parking brake is fully applied

Drivers must be conscious of the conditions when travelling on unpaved roads and adjust their speed accordingly.

- Speed limit signs indicate the maximum allowable speed on that particular section of road under ideal conditions, and often warn of areas of low visibility due to hills or corners etc.
- The maximum speed on any unpaved road is 50kph.
- The speed of vehicles should be further reduced when passing oncoming traffic.
- Vehicle headlights must be on at all times while travelling on unpaved roads or between the sites.

Employees travelling into remote areas must:

- Have a structured reporting procedure in place to acknowledge arrival at a destination and/or return;
- Remain with the vehicle in the event of a breakdown, becoming bogged or other such situation preventing reaching the destination; and
- Ensure drinking water, fire extinguisher, repair kit, spare tie, and an approved first aid kit is carried in the vehicle.

Drivers are expected to provide assistance to other motorists in the event of an emergency.

**POLICY ELEMENTS**

**Communication**

The Safe Driving Policy will be discussed at Safety Meetings during implementation and included in the employee induction program.

**Accountability**

Responsibility and authority for the implementation of this Policy is hereby assigned to the Head of HSE who will be directly responsible to the MD.

Khin Maung Win
MD, SEM

# အန္တရာယ်ကင်းအောင် မောင်းနှင်ရေးမူဝါဒ

## ဦးတည်ချက်

ဤမူဝါဒ၏ ဦးတည်ချက်မှာ ယာဉ်မောင်းနှင်/ စီးနင်းစဉ် ထိခိုက်ဒဏ်ရာရခြင်းနှင့် ကုမ္ပဏီပိုင်ပစ္စည်း ပျက်စီးခြင်းများကို လျော့နည်းစေမည့် လမ်းညွှန်ချက်များ ချမှတ်ကျင့်သုံးရန် ဖြစ်သည်။

## မူဘောင်

ဤမူဝါဒသည် SEM ပိုင် သို့မဟုတ် SEM မှ စာချုပ်ငှားရမ်းထားသောယာဉ်များကို မောင်းနှင်သော ဝန်ထမ်းများနှင့် (ဆပ်)ကန်ထရိုက်တာများ အားလုံးလိုက်နာရန် ဖြစ်သည်။

## မူဝါဒလမ်းညွှန်ချက်များ

SEM ပိုင် သို့မဟုတ် ကုမ္ပဏီမှ စာချုပ်ငှားရမ်းထားသောယာဉ်များကို မောင်းနှင်သော ဝန်ထမ်းများနှင့် (ဆပ်)ကန်ထရိုက်တာများသည်–

- Defensive driving သင်တန်း တက်ရောက်ပြီး ဖြစ်ရမည်။
- လမ်းကြမ်းများတွင် မောင်းနှင်ရန်လိုအပ်ပါက Defensive driving(4WD) သင်တန်း တက်ရောက်ပြီး ဖြစ်ရမည်။
- သက်တမ်းရှိ တရားဝင်လိုင်စင် ကိုင်ဆောင်ထားသူ ဖြစ်ရမည်။
- မြန်မာနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းခွင် စည်းမျဉ်းများ၊ SEM ၏ HSE နှင့် D&A မူဝါဒများကို သိရှိလိုက်နာရမည်။
- သက်ဆိုင်သော SEM ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းစဉ်များ၊ စစ်ဆေးမှု စာရင်းများ (Checklists) အတိုင်း လိုက်နာလုပ်ဆောင်ရမည်။

ယာဉ်မောင်းနှင့် လိုက်ပါသူများသည် ပင်ပန်းနွမ်းနယ်မှု လက္ခဏာများကို နားလည်သိရှိပြီး လိုအပ်ပါက အနားယူရန် သို့မဟုတ် ယာဉ်မောင်းသူလဲရန် လုပ်ဆောင်ရမည်။ အောက်ပါ အချက်များကို ရှောင်ကြဉ်နိုင်ရန် လုပ်ငန်းကို စနစ်တကျ စီမံထားရမည်။

- နေထွက်ချိန်၊ နေဝင်ချိန်များတွင် မောင်းနှင်ခြင်း၊
- မောင်းသင့်သည့် ခရီး(သို့မဟုတ်) အချိန်ထက် ပိုလွန်ကြာမြင့်စွာ မောင်းနှင်ခြင်း၊
- ညဘက်တွင် မောင်းနှင်ခြင်း
- မိုးသည်းထန်ချိန်တွင် (သို့မဟုတ်) စိုစွတ်၍ ဘီးချော်နိုင်သောနေရာများတွင် မောင်းနှင်ခြင်း၊

ယာဉ်မောင်းသည် အောက်ပါအချက်များကို အသေအချာ လုပ်ဆောင်ရမည်။

- မောင်းနှင်နေသောယာဉ်ပေါ်တွင် ထိုင်ခုံခါးပတ်ပတ်ထားရမည်။ (ယာဉ်မောင်းနှင့် စီးနင်းလိုက်ပါသူများ)
- ပါကင်ဘရိတ် အလုပ် လုပ်/မလုပ် အပါအဝင် စက်မနှိုးမီ အန္တရာယ်ကင်း ကြိုတင်စစ်ဆေးမှု ပြုလုပ်ရမည်။
- ယာဉ်ချို့ယွင်း ပျက်စီးမှုမှန်သမျှကို သတင်းပို့ပြီး ဖြစ်နိုင်သ၍ အမြန်ဆုံးပြင်ဆင်ရမည်။
- ဘရိတ်မကောင်းခြင်းကဲ့သို့ ယာဉ်အန္တရာယ်ရှိသော ချို့ယွင်းမှုမျိုးကို ချက်ချင်းသတင်းပို့ပြီး၊ **–ပျက်နေသည်** စာတမ်း ချိတ်ဆွဲကာ (လိုအပ်ပါက) ဂျမ်းတုံးခုထားရမည်။
- လျော့တိလျော့ရဲပစ္စည်းများ (ယာဉ်ရုတ်တရက်ရပ်လိုက်ပါက လွင့်စင်ကာအန္တရာယ်ပေးနိုင်သော သို့မဟုတ် အာရုံနှောက်စေနိုင်သော အရာများ)ကို သေချာစွာ တုပ်နှောင်ထားရမည်။
- ယာဉ်ကို စနစ်တကျရပ်နားပြီးမှသာ မိုဘိုင်း/ ဂြိုဟ်တုဖုန်း သုံးရမည်။ hands free စနစ်ကို လုံးဝ ခွင့်မပြု။

SHWE EIN　　Perkins®

- အကြောင်းတစ်ခုခုကြောင့် ယာဉ်ပေါ်မှ ထွက်ခွာသည့်အခါ၊ မည်သည့်အခြေအနေတွင်မဆို–
    - စက်သတ်ထားရမည်။
    - ရိုးရိုးဂီယာကို နံပတ် ၁ ဂီယာ (မြေညီ/ ကုန်းတက်တွင် ရပ်သည့်အခါ) (သို့မဟုတ်) ဘက်ဂီယာ (ကုန်းဆင်းတွင် ရပ်သည့်အခါ) ထိုးထားရမည်။
    - အော်တိုဂီယာဖြစ်ပါက P တွင် ထားရမည်။
    - ပါကင်ဘရိတ်ကို အဆုံးဆွဲထားရမည်။

ယာဉ်မောင်းများသည် မြေသားလမ်းများပေါ်တွင် သွားလာသည့်အခါ ကြုံတွေ့ရမည့် အခြေအနေများကို သိရှိပြီး အမြန်နှုန်းကို သင့်လျော်အောင် ချိန်ဆမောင်းနှင်ရမည်။

- အမြန်နှုန်းကန့်သတ်ချက် ဆိုင်းဘုတ်များသည် ထိုလမ်းပိုင်း၏ ပုံမှန်အခြေအနေတွင်ခွင့်ပြုသည့် အမြင့်ဆုံး နှုန်းကို ရည်ညွှန်းသည်။ တခါတရံ တောင်ကုန်းများ သို့မဟုတ် ကွေ့များကြောင့် မြင်ကွင်း မကောင်းခြင်း စသည်များကို သတိပေးသည်။
- မြေသားလမ်းများပေါ်တွင် ခွင့်ပြုသည့် အမြင့်ဆုံးအမြန်နှုန်းမှာ တစ်နာရီ 50 ကီလိုမီတာနှုန်း ဖြစ်သည်။
- မျက်နှာချင်းဆိုင်လာနေသော ယာဉ်ကြောကို ဖြတ်ရန်ရှိပါက အရှိန်ကို တတ်နိုင်သ၍ လျှော့ချရမည်။
- မြေသားလမ်းပေါ်တွင် သို့မဟုတ် လုပ်ငန်းခွင်များအကြား သွားလာသည့်အခါ ယာဉ်၏ရှေ့မီးကြီးဖွင့်၍ မောင်းနှင်ရမည်။

ဝေးလံသော ဒေသများသို့ ခရီးသွားမည့် ဝန်ထမ်းများသည်–

- စနစ်တကျစီမံထားသော လုပ်ထုံးလုပ်နည်းအတိုင်း ခရီးဆုံးသို့ ရောက်ရှိ/ ပြန်လာ သတင်းပို့ရမည်။
- ယာဉ် ချို့ယွင်းခြင်း၊ ရွံ့နစ်ခြင်း သို့မဟုတ် အခြားအကြောင်းများကြောင့် ခရီးဆုံးသို့ မရောက်နိုင်ပါက ယာဉ်နှင့်အတူ ရှိနေရမည်။ ထို့ပြင်
- ယာဉ်ပေါ်တွင် သောက်ရေ၊ မီးသတ်ဆေးဘူး၊ ခွပုံး၊ ဘီးအပိုနှင့် ရှေးဦးသူနာပြုဆေးသေတ္တာပါရှိရမည်။

ယာဉ်မောင်းများသည် အရေးပေါ်အခြေအနေတွင် အခြားကားသမားများကို အကူအညီပေးရမည်။

## မူဝါဒတွင် ပါဝင်သောအချက်များ

### ဆက်သွယ်ရေး

ဤမူဝါဒကို အကောင်အထည်ဖော်စဉ် Safety အစည်းအဝေးများတွင် ဆွေးနွေးမည်ဖြစ်ပြီး ဝန်ထမ်းများ၏ Induction အစီအစဉ်တွင်လည်း ပါဝင်ရမည်။

### တာဝန်ခံခြင်း

ဤမူဝါဒများကို အကောင်အထည်ဖော်ရာတွင် MD ထံ တိုက်ရိုက်တာဝန်ယူမည့် Head of HSE ကို တာဝန် ရှိသူ အဖြစ် အခွင့်အာဏာ အပ်နှင်းလိုက်သည်။

Khin Maung Win
MD - SEM